# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 19, 2019 | Volume 22, Number 12


**၁၉.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၉၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၂၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၈.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၀၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## တစ်ရက်ပျမ်းမျှ ဒေါ်လာနှစ်သန်းကျော်ဖိုး ကုန်သွယ်နေသည့် မြဝတီလမ်းကြောင်း ပြန်ပွင့်ပြီ



ရေဘေးကြောင့် တစ်ပတ်ခန့် ရပ်နားထားရသည့် မြဝတီလမ်းကြောင်း အသုံးပြုကုန်သွယ်မှုများ ဩဂုတ် ၁၆ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုန်သည်အချို့ကပြောသည်။ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျပြီး မြန်မာနိုင်ငံ၏ ဒုတိယမြောက် နယ်စပ်ကုန်သွယ်မှုတန်ဖိုးအမြင့်ဆုံး မြဝတီလမ်းကြောင်းသည် ကရင်ပြည်နယ်ရေဘေးကြောင့် သံလွင်မြစ်ကူးတံတားဖြတ်သန်းမရသဖြင့် ကုန်သွယ်မှုရပ်တန့်နေခြင်းဖြစ်သည်။ တစ်ရက်လျှင် ပျမ်းမျှကန်ဒေါ်လာ ၂ ဒသမ ၆ သန်းကျော်ဖိုးကုန်သွယ်နေသည့် မြဝတီကုန်သွယ်ရေးလမ်းကြောင်းတွင် မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့၊ ကြက်သွန်အပါအဝင် လယ်ယာထွက်ကုန်များတင်ပို့နေပြီး ထိုင်းနိုင်ငံမှလူသုံးကုန်ပစ္စည်းများကို အများ ဆုံးတင်သွင်းနေခြင်းဖြစ်သည်။

မြဝတီနယ်စပ်မှ မြန်မာ၊ ထိုင်းနှင့် ကုန်သွယ်မှုတန်ဖိုးသည်လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်အတွင်း ဒေါ်လာ ၈၂၄ သန်း တန်ဖိုးရှိသည်။ အဆိုပါ ပမာဏအတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၇၉ သန်းကျော်ရှိပြီး သွင်းကုန်တန်ဖိုး ဒေါ်လာ ၆၄၄ သန်းကျော်ရှိသည်။ ကုန်သွယ်ရေးကတော့ ပြန်ပွင့်နေပြီ။ တွဲကားကြီးတချို့ ဒီနေ့ဝင်လာတယ်'ဟု မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဝင်းဟန်ကပြောသည်။ လက်ရှိ မြန်မာ၊ ထိုင်း နယ် စပ် မြဝတီကုန်သွယ်ရေးလမ်း ကြောင်းမှ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့နေသည့် ကုန်စည်များမှာ လယ်ယာထွက်ကုန် ပြောင်းဖူးစေ့များဖြစ်ကြောင်း မြဝတီမြို့မှ ကုန်သည်အချို့ကပြောကြားသည်။ ရေကြီးနစ်မြုပ်မှုမဖြစ်မီကမြဝတီမှ ထိုင်းနိုင်ငံသို့ တစ်ရက်လျှင် ၃၂ တန်တင်သည့် ပြောင်းဖူးစေ့တင်ကားအစီးရေ ၅၀ မှ ၁၀၀ အကြား ပျမ်းမျှတင်ပို့ခဲ့သည်။

**Source:** http://www.7daydaily.com/story/163894


## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ဟောင်ကောင်ဒေသ၌ ဆန္ဒပြမှုများကြောင့် ဟောင်ကောင်နယ်စပ် ရှန်းကျန့်မြို့သည် အဓိက စီးပွားရေး အချက်အချာကျသည့် လေဆိပ်ဖြစ်လာနိုင်ခြင်း

ဟောင်ကောင်ဒေသ၌ တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ဆန္ဒပြမှုများကြောင့်ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်အား ရုံဖန်ရံခါပိတ်ထားရသဖြင့် ဟောင်ကောင်ဒေသ အနီးအနားရှိ လေဆိပ်များအား ကြီးမားသောစီမံကိန်း ချမှတ်နိုင်ရန် တွန်းအားပေးသကဲ့သို့ဖြစ်ကြောင်း၊ ရှန်းကျန့်၏ Baoan International Airport လေဆိပ် အား တစ်နှစ်လျှင် ခရီးသည် သန်း ၈၀ သွားလာနိုင်မည့် လေဆိပ်အဖြစ် တည်ဆောက်ရန် ၂၀၁၉ ခုနှစ်၊ ဧပြီလက ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ ၁၃.၈.၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)တွင် ဟောင်ကောင်ဒေသမှ ဆန္ဒပြသူများက ခရီးသွား များအား တားဆီးခဲ့ကြသောကြောင့် ဒုတိယအကြိမ် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်အားပိတ်ခဲ့ရပြီး လေယာဉ်ပြေးဆွဲမှုများ ရပ်ဆိုင်းခဲ့သောကြောင့် မြို့တော်၏ ပုံရိပ်အား ထိခိုက်စေပြီး မဟာပင်လယ်ကွေ့ စီးပွားရေးဒေသ (Greater Bay Area) ၏ စီးပွားရေးအချက်အချာကျသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်အား အခြားဒေသတွင် ဆောင်ရွက်ရန် အခွင့်အလမ်းပေးသကဲ့သို့ ဖြစ်သွားကြောင်းနှင့် ကွမ်တုံပြည်နယ် (Guangdong Province) နှင့် နီးကပ်သည့် ကွမ်ကျိုး ( Guangzhou )နှင့် ရှန်းကျန့် (Shenzhen ) မြို့ များ၌ အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရန် တွန်းအားပေးသကဲ့သို့ဖြစ်ကြောင်း၊ ခရီးသွားများမှ ခရီးသွားရောက်ရန် ဟောင်ကောင်ဒေသအား ပထမဦးစားပေးအနေဖြင့် ရွေးချယ်သွားလာနေသော်လည်း ၁၂.၈.၂၀၁၉ ရက်နေ့နှင့် ၁၃.၈.၂၀၁၉ ရက်နေ့ ညနေပိုင်းတွင် လေဆိပ်ပိတ်ခဲ့မှုကြောင့် ခရီးသွားများနှင့်ရင်းနှီးမြှုပ်နှံသူ စီးပွားရေး လုပ်ငန်းရှင်များသည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အနီးဆုံးဖြစ်သည့် လေဆိပ်များမှ သွားရောက် ခဲ့ကြောင်း၊ ရှန်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၁၀ ရာခိုင် နှုန်းနှင့် ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၅ ရာခိုင်နှုန်း ရှယ်ယာဈေးနှုန်းများ မြင့်တက် ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသအား လေယာဉ်ပျံသန်းမှုများ ခက်ခဲသည့် ဒေသဖြစ်စေပြီး အနီးအနားရှိ လေဆိပ်များသို့ လေယာဉ်ပျံသန်းမှုများ ခွဲဝေပေးရမည့် အခြေအနေသို့ တွန်းအားပေးလျှက်ရှိသကဲ့သို့ Citic Securities မှ ပြောကြားခဲ့ကြောင်း၊ အဆိုပါဖြစ်ရပ်ကြောင့် ရှန်းကျန့်အား အချက်အချာကျသည့် အပြည်ပြည်ဆိုင်ရာလေဆိပ် အဖြစ် ရေရှည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့က Liu Zheng နှင့် Hu Shimin တို့က ရေးသားထုတ်ဝေခဲ့ကြောင်း၊ တရုတ်ပြည်မကြီးမှ ကျောင်းဆရာတစ်ဦးဖြစ်သည့် ခရီးသွားတစ်ဦးသည် နွေရာသီကျောင်းပိတ် ရက်တွင် စင်ကာပူသို့ သွားရောက်ရန်အတွက် ဟောင်ကောင်မှတစ်ဆင့် သွားရောက်ရန် စီစဉ်ထားသော်လည်း ဟောင်ကောင်၌ ဆန္ဒပြနေသည့် သတင်းများအား ဖတ်ကြားပြီးသည့်နောက် ရှန်းကျန့် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် စင်ကာပူသို့သွားရောက်ရန် အစီအစဉ်ပြောင်း ခဲ့ကြောင်း၊ ဟောင်ကောင်တွင် လေယာဉ်ပြေးဆွဲမှုများ ပုံမှန်ပြန်ဖြစ်လျှင်ပင် ရှန်းကျန့်မှ စင်ကာပူသို့ တိုက်ရိုက်လေကြောင်းလိုင်း ရှိသောကြောင့် ရှန်းကျန့်မှသာ သွားရောက်မည် ဖြစ်ကြောင်း၊ ပေကျင်းအနေဖြင့် ဟောင်ကောင်နှင့် ရှန်းကျန့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို တိုးတက်ကောင်းမွန်စေခြင်းသော်လည်း ဟောင်ကောင်တွင် ဖြစ်ပွားနေသည့် ဆန္ဒပြမှုများကြောင့် ဟောင်ကောင်ဒေသအပေါ် အားထားမှုလျော့ချပြီး ရှန်းကျန့်နှင့် ကွမ်ကျိုးတွင် ပိုမိုဖွံ့ဖြိုးလာရန် အလေးထားရမည်ဖြစ်ကြောင်း ကွမ်ကျိုးရှိ Sun Yat-sen University မှ Transport Professor နှင့် ကွမ်ကျိုးပြည်နယ်အစိုးရ အကြံပေးဖြစ်သူ Zheng Tianxiang က ပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်လေဆိပ်မှ ပေကျင်းသို့ သွားရောက်ရန် မူလကစီစဉ်ထားသည့် ခရီးသည်များသည် ရှန်းကျန့်မှ ပေကျင်းသို့ သွားရောက်ရန် ပြောင်းလဲ ခဲ့သောကြောင့် ၁၃.၈.၂၀၁၉ ရက်နေ့က ရှန်းကျန့်မှ ပေကျင်းသို့ လေကြောင်းလိုင်းများစွာ ထပ်မံဖြည့်စွက် ပြေးဆွဲခဲ့ရကြောင်း၊ အမေရိကန်မှ စီးပွားရေးလုပ်ငန်းရှင် ၂ ဦးသည်လည်း မူလက ဟောင်ကောင်မှ ပေကျင်းသို့ သွားရောက်ရန် စီစဉ်ထား သော်လည်း ၁၃.၈.၂၀၁၉ ရက်နေ့တွင် ရှန်းကျန့်မှ ပေကျင်းသို့သွားရောက်ရန် ပြောင်းလဲ စီစဉ်ခဲ့ကြောင်း၊ ဟောင်ကောင်နှင့် ရှန်းကျန့်အကြား သွားလာဆက်သွယ်ရေး လွယ်ကူသောကြောင့် လေကြောင်းလိုင်း ပြောင်းလဲသွားရောက်ရန် အဆင်ပြေ ချောမွေ့ပါကြောင်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် South China Morning Post သတင်းစာ၌ Cissy Zhou ၊ He Huifeng ၊ Celia Chen နှင့် Nectar Gan တို့က ရေးသားဖော်ပြထားသည့် သတင်းအားတင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

## အစိုးရချင်းသဘောတူညီမှုဖြင့် အိန္ဒိယသို့ အမြန်ဆုံး ပဲရောင်းနိုင်ရန်စီစဉ်

အိန္ဒိယသို့ အစိုးရချင်းသဘောတူညီမှုဖြင့် ပဲရောင်းချရန်အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးဆွေးနွေး နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို တိုးမြှင့်ဝယ်ယူရေးနှင့်ပတ်သက်၍ ဩဂုတ် ၁၄ ရက်က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး နှင့်တွေ့ဆုံစဉ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။ ပဲတင်ပို့မှုနဲ့နှစ်နိုင်ငံကုန်

သွယ်ရေးချောမွေ့ဖို့ဆွေးနွေးတာပါဟု အထက်ပါဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဦးခင်မောင်လွင်ကပြောသည်။ အစိုးရချင်း သဘောတူညီမှုဖြင့် ပဲရောင်းချရန် အိန္ဒိယနိုင်ငံသို့ စာချုပ်မူကြမ်းပေးပို့ထားခြင်းကလည်း လက်ရှိတွင် သက်ဆိုင် ရာဂန်ကြီး ဌာနများအကြား ညှိ နှိုင်းဆွေးနွေးနေသည်ဟု ၎င်းကပြောသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၏ သွင်းကုန်မူဝါဒအပေါ် မူတည်၍ တစ်ဖက်နိုင်ငံကုန်သည်များ၏ ဈေးကစားမှုကြောင့် ဩဂုတ်အတွင်း မြန်မာပြည်တွင်းဈေးကွက်၌ မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်း ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းနေသည်။ အိန္ဒိယနိုင်ငံက ဈေးထိန်းပြီး အဝယ်လျှော့ချိန်တွင် ပြည်တွင်းရောင်းလိုအားများနေသဖြင့်ဈေး ကျဆင်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက လက်ရှိပြည်တွင်းဈေးကွက် အခြေအနေကိုသုံးသပ်သည်။ မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံကုန်သွယ်ရေးသည် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ကန်ဒေါ်လာတစ်ဘီလီယံကျော်ရှိကြောင်း စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင်ဖော်ပြထားသည်။

အိန္ဒိယနှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံက ပို့ကုန်တန်ဖိုးကန်ဒေါ်လာသန်း ၄၅၀ ကျော်ရှိပြီး သွင်းကုန်တန်ဖိုး ဒေါ်လာသန်း ၆၄၀ ကျော်ရှိကာ အိန္ဒိယနိုင်ငံကအသာရနေသည်။ မြန်မာဘက်မှ ပဲမျိုးစုံကို အဓိကတင်ပို့ပြီး အိန္ဒိယမှ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့်ဆေးဝါးများကို အများဆုံးပြန်လည်တင်သွင်းသည်။

**Source:** http://www.7daydaily.com/story/164012

## လမ်းပိုင်းပိတ်ဆို့နေသော်လည်း လားရှိုးမြို့တွင် စက်သုံးဆီဈေးမတက်



မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် လမ်းပိုင်း ပိတ်ဆို့မှုများရှိသော်လည်း လားရှိုးမြို့ စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်းမရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်အချို့ကပြောသည်။

မန္တလေးမှ လားရှိုးမြို့သို့ယာဉ်များ သွား၊ လာနိုင်ခြင်းမရှိသဖြင့် စက်သုံးဆီတင်ပို့မှုကို ဩဂုတ် ၁၅ ရက်ကစ၍ ရပ်နားထားရသည်။ ကားအသွားအလာလည်းနည်းတော့ စက်သုံးဆီသုံးစွဲမှုလည်း လျော့သွားတယ်။ တချို့စက်သုံးဆီဆိုင်တွေလည်း ဝန်ထမ်းတွေအလုပ်မဆင်းလို့ ဆိုင်တွေပိတ်ထားရတာရှိတယ်။ ဆီသုံးစွဲမှု သိပ်မရှိတဲ့အတွက် ဈေးနှုန်းကလည်းတည်ငြိမ်နေတယ်လို့ ပြောလို့ရတယ်ဟု စက်သုံးဆီဖြန့်ချိရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးတင်အောင်ကျော်ကပြောသည်။

လက်ရှိတွင် စက်သုံးဆီဈေး နှုန်း ကြီးမြင့်ခြင်း မရှိသော်လည်း ခရီးသွားလာမှု ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိပါက ဝယ်လိုအားမြင့်တက်၍ ဈေးနှုန်းရိုက်ခတ်မှုရှိလာနိုင်သည်ဟု စက်သုံးဆီဈေးကွက် ကျွမ်းကျင်သူများကခန့်မှန်းသည်။ ဝယ်လိုအားများပြီး လက်ကျန်အခြေအနေကို မဖြည့်နိုင်ခင်စပ်ကြားမှာတော့ ဈေးတွေတက်သွားနိုင်တယ်။ ဒါကလည်း အခိုက်အတန့်ပဲဖြစ်မှာပါဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောကြားသည်။ ဩဂုတ် ၁၈ ရက်က လားရှိုးမြို့နှင့် အနီးဝန်းကျင်တွင် စက်သုံးဆီဈေးနှုန်းသည် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၈၀၊ အောက်တိန်း-95 တစ်လီတာကျပ် ၉၇၀၊ ဒီဇယ်တစ်လီတာ၉၈၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၁၀၁၀ နှုန်းရှိကြောင်း စက်သုံးဆီ ဈေးကွက် မှတ်တမ်းများကဆိုသည်။ အဆိုပါ ဈေးနှုန်းများသည်ဩဂုတ် ၁၅ ရက် ဈေးနှုန်းဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ရန်ကုန်မြို့မှစက်သုံးဆီများ အဓိကတင်ပို့ရောင်းချနေပြီး ယင်းဒေသများတွင် ရန်ကုန်ဈေးကွက်ပေါက်ဈေးထက် စက်သုံးဆီ အမျိုးအစားအလိုက် တစ်လီတာလျှင် ကျပ် ၈၀ ခန့် ဈေးကွာခြားမှုရှိသည်။

**Source:** http://www.7daydaily.com/story/164034

## မွန်ပြည်နယ်တွင် ကျွဲကောသီးထုတ်လုပ်မှု တိုးမြှင့်ရန် ဇုန်ထူထောင်ပြီး တန်ဖိုးမြင့်ထုတ်ရန် သင်တန်းပို့ချမည်




မွန်ပြည်နယ်တွင် ကျွဲကောသီးထုတ်လုပ်မှုတိုးမြှင့်ရန် ဇုန်ထူထောင်ပြီး တောင်သူများကို SME ချေးငွေ မက်လုံးပေးစိုက်ပျိုးစေ၍ တန်ဖိုးမြင့် ထုတ်ကုန် ကျွဲကောသီးယို/ဝိုင် ထုတ်လုပ်ရန်အတွက် သင်တန်းများပို့ချ သွားမည်ဖြစ်ကြောင်း နန်းကြူကြူသင်း (အတွင်းရေးမှူး) ကျွဲကောအသင်းက ပြောကြားသည်။ ဩဂုတ် ၁၆ ရက်က မော်လမြိုင်ကုန်စည်ဒိုင်မှာလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲက ကျွဲကောဇုန်ထူထောင်ဖို့ တတိယအကြိမ် အစည်း အဝေးဖြစ်တယ်။ ကျွဲကောကို မွန်ပြည်နယ်မှာ အရင်ကအဆင်ပြေသလိုစိုက်လာတော့ မျိုးတွေစုံတယ်။ Customer တွေက မျိုးကောင်းကောင်းကို ကွန်တိန်နာလိုက် မှာတာမျိုးမပေးနိုင်ဘူး။ မျိုးသန့်တစ်မျိုးတည်း ဇုန်လိုထူစိုက်မယ်။ ငါးနှစ်ဆိုတော့ SME က ချေးငွေကို သင့်တဲ့အတိုးနဲ့ယူမယ်။ အစိုးရက မြေဧကအနည်းဆုံး ဧက ၅၀ က စကူဖို့လည်း ကမ်းလှမ်းထားပါတယ်။ သိမ်ဇရပ်မုဒုံမှု၊ မော်လမြိုင်မှာ ကြည့်ထားတယ်။ ကျွဲကော ဇုန်စည်းကမ်းတွေလည်း လျာထားတာရှိတယ်။ ရန်ကုန်တိုက်ကြီး မှာလည်းစတော့မယ်။ အစိုးရခွင့်ပြုရင်၂၀၂၀ ခုနှစ်လောက်မှ စနိုင်မယ်။ ၂၀၂၅ ခုနှစ်ဆိုရင် ကျွဲကောထုတ်လုပ်မှုဖွံ့ဖြိုးနေပြီ။ တန်ဖိုးမြင့်ကျွဲကောယို၊ ဝိုင်ထုတ်ဖို့ သင်တန်းသား ၃၀ လောက် အခုဆွေးနွေးပွဲမှာလျာထားပါတယ်။ ရန်ကုန်မှာဖွင့်ပြီးရင် မော်လမြိုင်မှာဖွင့်ဖို့လုပ်နေပါတယ်ဟု နန်းကြူကြူသင်းကပြောကြားသည်။

အရင်က ကျွဲကောခြံသမားတွေရဲ့အိပ်မက်ပါ။ အခုတော့ တကယ်ဖြစ်လာတယ်။ အစိုးရကိုယ်တိုင် အားပေးလာတယ်။ နောက် SME ဌာနကလည်း ငွေချေးမယ်။ အခုလောက်စထားရင် ၂၀၂၅ ဆို ကျွဲကောဇုန်ကနေ နိုင်ငံခြားပို့တဲ့အဆင့် ရောက်မှာ ပါ။ ဇုန်နဲ့လုပ်ရင် စိုက်မယ့်နည်းပညာ၊ မျိုးသန့်၊ ပိုးမွှားကာကွယ်ရေး၊ ဓာတ်မြေသြဇာကအစ စိုက်ပျိုးရေးဌာနနဲ့ တောင်သူ ထိတွေ့ပြီး GAP စိုက်ပျိုးရေး အလေ့အကျင့်ကောင်း စိုက်ဖို့လုပ်လာမယ်။ Made in Mon ဆိုတဲ့ အမှတ်တံဆိပ်နဲ့ဖြစ်ထွန်းမှာပါ။ မွန်ပြည်နယ်ရဲ့ ရေခံမြေခံက ကျွဲကောသီးနဲ့တည့်တယ်။ စားလို့ကောင်းတယ်။ တစ်နိုင်ငံလုံးမှာ မွန်ပြည်နယ်ကျွဲကောက အကောင်းဆုံးလို့ အသိအမှတ်ပြုခံထားကြပါတယ်ဟု အလုပ်ရုံဆွေးနွေးပွဲတက်သူ ကိုမင်းထွန်းရှင်ကပြောကြားသည်။

မွန်ပြည်နယ်တွင် ကျွဲကောစိုက် ဧက ၂၅၀၀ ခန့်တွင် အသီးခူးဧက ၂၀၀၀ ခန့်၊ အထွက် သိန်း ၁၀၀ ကျော်ရှိပြီး တိုးပွား လာသည့် လူဦးရေအရ အချို့ခြံများသည် လူနေရပ်ကွက်ဖြစ်ပေါ်ခဲ့သော်လည်း ကျွဲကောဇုန်အဖြစ်သတ်မှတ်ကာ တစ်စုတစ်ဝေး တည်း မျိုးသန့်စိုက်နည်းစနစ်ကောင်းဆောင်ရွက်ခြင်းဖြင့် ကျွဲကောထုတ်လုပ်မှုဖွံ့ဖြိုးမှုရှိလာပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ကျွဲကောယို၊ ဝိုင်တို့ကိုထုတ်လုပ်နိုင်ပါက ပြည်နယ်၏စီးပွားရေးကို အထောက်အကူဖြစ်နိုင်ကြောင်း မွန်ပြည်နယ် စီးပွား ကူးသန်းဌာနမှသိရသည်။ မွန်ပြည်နယ် မော်လမြိုင်ကုန်စည်ဒိုင်တွင် ဩဂုတ် ၁၆ ရက်က ကျွဲကောသီးစိုက်ပျိုးရေး တိုးမြှင့် ဆောင်ရွက်ရန် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရာ ဝန်ကြီးဦးထွန်းဌေး (မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေး တောင်သူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**Source:** BUSINESS https://news-eleven.com/article/129098

## ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကုန်စျေးနှုန်းတက်နေ ကုန်သွယ်ရေးလမ်း ပြန်လည်အသုံးပြုနိုင်ရေး ဦးစားပေးဆောင်ရွက်နေဟု ပြည်နယ်အစိုးရပြော

တိုက်ပွဲများဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်းမြို့နယ်များတွင် အခြေခံကုန်စျေးနှုန်း မြင့်တက်မှုမရှိစေရေး တံတားနှင့်လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန် အဓိကထားဆောင်ရွက်နေကြောင်း ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်ကပြောသည်။ လက်ရှိတွင် မန္တလေး-မူဆယ်-ချင်းရွှေဟော်လမ်းပိုင်းရှိ တံတားများ ဖျက်ဆီးခံထားရခြင်း၊ တိုက်ပွဲများဖြစ်ပွားနေခြင်းတို့ကြောင့် ကုန်စည်ပို့ဆောင်ရေးခက်ခဲပြီး လားရှိုး၊ ကွတ်ခိုင်အပါအဝင် ရှမ်းပြည်မြောက်ပိုင်းမြို့နယ်ငါးခု၌ ဆန်အပါအဝင် အခြေခံစားသောက်ကုန်အချို့ စျေးမြင့်တက်နေသည်။ မန္တလေးက တက်မလာတာလည်း ပါတယ်။ အဓိကတော့ ဆန်၊ ဆီ၊ ဆား အခြေခံစျေးနှုန်းတွေ အနည်းငယ်တက်တယ်ဟု လားရှိုးမြို့ခံ ကိုလေးအောင်ကရှင်းပြသည်။ ယခင်ထက် ဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်းကျော်စျေးတက်နေသည်ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် နယ်မြေမအေးချမ်းဘဲ ပစ်ခတ်မှုများရှိနေသော ကွတ်ခိုင်မြို့နယ်၌ ဆန်တစ်အိတ်လျှင် ယခင်ထက် ကျပ်သုံးသောင်းခန့်စျေးမြင့်တက်ပြီး ဆီတစ်ပိဿာလျှင် ယခင်ထက် ကျပ် ၂၀၀၀ ခန့် စျေးတက်နေသည်။ စျေးကလည်း မနက်ပိုင်းပဲဖွင့်တယ်။ ဆိုင်တစ်ဝက်ကလည်းပိတ်ထားတယ်ဟု ကွတ်ခိုင်ဒေသခံကိုကျော်မျိုးကဆိုသည်။ ထို့အပြင် ကျောက်မဲမြို့နယ် နမ့်ခုမ်းကျေးရွာသူတစ်ဦးက အခုအခိုက်အတန့်က နည်းနည်းစျေးတက်နေတာနဲ့ကြုံရတယ်။ စျေးတွေလည်းမဖွင့်ဘူး။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကလည်းမပွင့်သေးတော့ ဖွင့်တဲ့ဆိုင်အနည်းငယ်စီကပဲ ဝယ်နေရတယ်။ အဲဒါကြောင့်လည်း စျေးတက်နေတယ်ဟုပြောသည်။ ဒေသတွင်းကုန်စျေးနှုန်းသည် မန္တလေးနှင့်လမ်းပန်းဆက်သွယ်ရေး အခြေအနေအပေါ် မူတည်နေသဖြင့် လမ်းများပြန်ဖွင့်ချိန်တွင် အခြေခံစားကုန်စျေးနှုန်းပြန်ကျမည်ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးစိုးဇော်ကပြောသည်။

ထို့ကြောင့် လားရှိုး၊ ကွမ်းလုံတို့တွင် ပျက်စီးသွားသောတံတားများနေရာ၌ ဘေလီတံတားများ အလျင်အမြန် အစားထိုးရန် စီစဉ်၍ထားသည်ဟုလည်း ၎င်းကပြောသည်။ ဩဂုတ် ၁၅ ရက်ကစ၍ ပြင်ဦးလွင်နှင့်နောင်ချိုမြို့နယ်၌ တိုက်ပွဲများဖြစ်ပြီး ဂုတ်တွင်းတံတားဖျက်ဆီးခံရခြင်း၊ ဩဂုတ် ၁၇ ရက်တွင် သိန်နီ-ချင်းရွှေဟော်လမ်းတွင် တံတားအချို့ ဖျက်ဆီးခံရခြင်းတို့ ပေါ်ပေါက်ခဲ့သည်။ ရခိုင်အဖွဲ့ (AA)၊ တအာင်း အဖွဲ့ (TNLA)၊ ကိုးကန့်အဖွဲ့ (MNDAA) တို့၏ အဆိုပါတိုက် ခိုက်မှုကြောင့် တစ်ရက်လျှင် ပျမ်းမျှ ကန်ဒေါ်လာ ၁၅ သန်းကျော် တန်ဖိုးရှိသည့် မြန်မာ၊ တရုတ်နှစ် နိုင်ငံနယ်စပ်ကုန်သွယ်ရေး ရပ်တန့်နေသည်။ လက်ရှိအချိန်တွင်ဂုတ်တွင်းတံတားကို ဩဂုတ် ၂၀ ရက်နောက်ပိုင်း အသုံးပြုနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေ ၂၁၀ အရှည်ရှိသော ဘေလီတံတားတည်ဆောက်နေသည်ဟုကြေညာထားသည်။

**Source:** http://www.7daydaily.com/story/164064

## ထိုင်းရဲ့ Thai Life Insurance ကုမ္ပဏီ မြန်မာစျေးကွက်ထဲဝင်ရောက်

ထိုင်းအာမခံလုပ်ငန်းကုမ္ပဏီ Thai Life Insurance ကုမ္ပဏီက မြန်မာရဲ့ Citizen Business (CB) Insurance မှာ အစုရှယ်ယာ ၃၅ ရာခိုင်နှုန်းကိုရယူဖို့ သဘောတူညီချက်တစ်ခု ရရှိခဲ့တယ်လို့ သိရပါတယ်။ယင်းအတွက်ကြောင့် Thai Life Insurance ကတော့ မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်ထဲဝင်ရောက်လာတဲ့ ပထမဆုံးသော အာဆီယံဒေသတွင်း ကုမ္ပဏီတစ်ခုဖြစ်လာခဲ့ပါတယ်။ ပူးပေါင်းမှုကြောင့် CB Insurance ကို Thai Life ရဲ့ အာမခံ ကိန်းဂဏန်းဆိုင်ရာနဲ့

စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုကိုအသုံးပြုပြီး ယှဉ်ပြိုင်နိုင်စွမ်းအသာရမှုရစေမှာဖြစ်ပါတယ်လို့ Thai Life Insurance ရဲ့ ဥက္ကဌ Chai Chaiyawan က ပြောသွားပါတယ်။ ယခုလို မြန်မာ့အာမခံဈေးကွက်ထဲ ဝင်ရောက်ခြင်းဟာ အာဆီယံဒေသတွင်း အခြားနိုင်ငံတွေမှာ လုပ်ငန်းတွေ ချဲ့ထွင်လုပ်ကိုင်ဖို့ ကုမ္ပဏီရဲ့မဟာဗျူဟာနဲ့အညီလုပ်ကိုင်ခြင်းဖြစ်ကြောင်း Mr Chai က ပြောသွားပါတယ်။ ယခု ပူးပေါင်းမှုမှာတော့ ရင်းနှီးမြှုပ်နှံမှုပမာဏကို Thai Life က ထုတ်ပြန်သွားခြင်းမရှိပါဘူး။

**Source:** https://www.bangkokpost.com/business/1731723/

SFJ Strategy First Journal

## အာရှကျားလေးကောင်ရဲ့ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချ

အာရှကျားလေးကောင်ရယ်လို့ တင်စားခံထားရတဲ့ အာရှဒေသတွင်း စီးပွားရေးအင်အားကောင်းတဲ့ စင်ကာပူ၊ တောင်ကိုရီးယား၊ ဟောင်ကောင်နဲ့ထိုင်ဝမ်တို့ရဲ့ စီးပွားရေးတိုးတက်မှုခန့်မှန်းချက်တွေကို လျှော့ချလိုက်ရကြောင်း အမေရိကန် ရင်းနှီးမြှုပ်နှံမှုဘဏ်နဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီကြီး Goldman Sachs Group က ထုတ်ပြန်သွားပါတယ်။ တစ်ချိန်တုန်းက စီးပွားရေးအင်အားကောင်းတွေ ပိုင်ဆိုင်ထားခဲ့တဲ့ စင်ကာပူ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်တို့ကတော့ လက်ရှိမှာကုန်သွယ်ရေးတင်းမာမှုတွေရဲ့အလယ် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးနေချိန်မှာ ပြန်လည်ကျဆင်းမှုတွေရှိနေပြီလို့ Goldman Sachs ကပြောပါတယ်။ သူတို့တွေရဲ့ ပြည်တွင်းကပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ဒီအာရှကျားလေးကောင်ဟာ ဂလိုဘယ်လိုက်ဇေးရှင်း ခေါင်းစဉ်အောက်မှာ အကြီးအကျယ် အကျိုးဖြစ်ထွန်းနိုင်ခဲ့ကြပါတယ်။ နောက်ပြီး အာရှ-ပစိဖိတ်မှာလည်း မြန်ဆန်တဲ့စီးပွားရေးတိုးတက်မှုတွေကနေလည်း အကျိုးအမြတ်တွေရခဲ့ပါတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ ရလဒ်တွေပြောင်းပြန်ဖြစ်နေပါပြီလို့ Goldman ရဲ့ စီးပွားရေးပညာရှင်တွေကပြောပါတယ်။

စင်ကာပူ၊ ဟောင်ကောင်၊ တောင်ကိုရီးယားနဲ့ ထိုင်ဝမ်တို့ကတော့ လွန်ခဲ့တဲ့ ၁၉၈၀ နဲ့ ၁၉၉၀ အကြားက လျင်မြန်တဲ့ ကုန်သွယ်မှု အားပြုတိုးတက်မှုတွေကြောင့် အာရှကျားလေးကောင်ဆိုပြီး အကဲဖြတ်သုတေသီတွေက ခေါ်ဝေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာကုန်သွယ်ရေးစစ်ကြောင့် အာရှနိုင်ငံတစ်ချို့ စီးပွားရေးအကျိုးအမြတ်တွေ ရဖို့ရှိနေပေမယ့် ယင်းအခြေအနေတွေကတော့ အာရှကျားလေးကောင်ထက်စာရင် ဗီယက်နမ်လိုမျိုး နိုင်ငံတွေကိုသာ ပိုအလေးသာစေဖို့ရှိတယ်လို့သိရပါတယ်။

**Source:**https://www.bloomberg.com/news/articles/2019-08-16/goldman-

SFJ Strategy First Journal

## အမေရိကန် GSP သက်သာခွင့်ရပ်ဆိုင်းမှုမှာ အရေးကြီးသည့်ကိစ္စမဟုတ်ဟု အိန္ဒိယအစိုးရတာဝန်ရှိသူပြောဆို

အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ တင်ပို့သည့်ကုန်စည်များအပေါ် ပေးအပ်ထားသည့် Generalized System of Preferences(GSP) ခေါ် သွင်းကုန်အခွန် သက်သာခွင့်အား ပြီးခဲ့တဲ့ဇွန်လမှစ၍ ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr.Piyush Goyal က နိုင်ငံတိုင်းသည် မိမိတို့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြသည်ဖြစ်၍ အမေရိကန်နိုင်ငံ၏ ယခုလုပ်ဆောင်ချက်ကို လက်ခံရမည်ဖြစ်တယ်လို့ဆိုပါတယ်။

အခုလိုသက်သာခွင့်ရပ်ဆိုင်းမှုကြောင့် အချို့သောနယ်မြေဒေသများနှင့် လုပ်ငန်းကဏ္ဍများအပေါ် ရာခိုင်နှုန်းအနည်းငယ်မျှ သက်ရောက်မှုရှိနိုင်မည်ဖြစ်သော်လည်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအတွက် လွန်စွာအရေးကြီးသည့်ကိစ္စရပ်မဟုတ်ဘူးလို့ ယင်းကပြောဆိုလိုက်တာပါ။ အိန္ဒိယအနေနဲ့ ယင်းသို့သော အထောက်အပံ့ကိုရယူလျက် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်လိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့၏ နှိုင်းရအားသာချက်များ ခိုင်မာအားကောင်းမှု အပေါ်မှ ပို့ကုန် လုပ်ငန်းများတွင် ယှဉ်ပြိုင်လုပ်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်း၊ ပြည်တွင်းရှိ လုပ်ငန်းရှင်များအနေဖြင့်လည်း အစိုးရ၏ အထောက်အပံ့များအပေါ် မှီခိုအားထားခြင်း မပြုဘဲ ကိုယ်ပိုင်အစွမ်းဖြင့် ယှဉ်ပြိုင်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်တယ်လို့ အိန္ဒိယအစိုးရ၏ ကုန် သွယ်မှုကောင်စီ ဘုတ်အဖွဲ့အစည်းအဝေးအပြီးတွင် သတင်းမီဒီယာများသို့ ပြောကြားသည်။ အမေရိကန်အစိုးရက ၎င်းတို့၏အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုမှာ ဟန်ချက်ညီမျှမှုမရှိကြောင်း၊ အထူးသဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆေးပစ္စည်းကိရိယာများကဲ့သို့သော အမေရိကန်နိုင်ငံ၏ ထုတ်ကုန်များသည် အိန္ဒိယဈေးကွက်သို့ ဝင်ရောက်နိုင်မှုမရှိကြောင်း ထောက်ပြလျက် အိန္ဒိယနိုင်ငံ

အနေဖြင့် ၎င်း၏ဈေးကွက်သို့ အမေရိကန်ကုန်စည်များ သင့်တင့်မျှတစွာဝင်ရောက်နိုင်ရေး ဆောက်ရွက်မှုမရှိပါက ပေးအပ်ထားသည့် GSP သက်သာခွင့်ကို ရုပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အသိပေးနိုးဆော်ချက်ကို ရက်ပေါင်း ၆၀ ကြိုတင်၍ ၂၀၁၉ ခုနှစ် မတ် ၄ ရက်က ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိန္ဒိယနိုင်ငံမှတင်ပို့လာသည့် ကုန်စည်များအပေါ် GSP သက်သာခွင့်ကို ဇွန် ၅ ရက်မှ စတင်ရုပ်ဆိုင်း မည်ဖြစ်ကြောင်း ၃၁-၅-၂၀၁၉ ရက်တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံမှ GSP အခွင့်အရေးပေးထားသည့် နိုင်ငံများအနက် ပို့ကုန်ပမာဏအရ အကျိုးဖြစ်ထွန်းမှုအရှိဆုံးနိုင်ငံဖြစ်ပြီး ယခင်နှစ်ကာလ၌ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များအတွက် အခွန်သက်သာမှုဒေါ်လာ ၂၆၀ သန်းခန့်ရရှိခဲ့သည်။ US Trade Representative ၏ စာရင်းများအရ ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံသို့ တန်ဖိုးဒေါ်လာ ၅၄ ဒသမ ၄ ဘီလီယံခန့်ကုန်စည် တင်ပို့ ခဲ့ပြီး၊ အမေရိကန်နိုင်ငံထံမှ ကုန်တင်သွင်းမှုမှာ ဒေါ်လာ ၃၃ ဒသမ ၁ ဘီလီယံ ခန့်ရှိကြောင်းသိရှိရသည်။ အမေရိကန်၏ GSP သက်သာခွင့်ရုပ်ဆိုင်းခြင်းမှ သက်ရောက်မှုအနည်းငယ်မျှသာရှိမည်ဟု အိန္ဒိယအစိုးရကဆိုသော်လည်း ပို့ကုန်လုပ်ငန်းရှင်အချို့ ကမူ လုပ်ငန်းများခက်ခဲစွာ ယှဉ်ပြိုင်လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ် FIEO ၏ ၁-၆-၂၀၁၉ နေ့ သတင်းထုတ်ပြန်ချက်တွင် စီးပွားရေးအတိုင်းအတာအရ မေခရိုအဆင့်၌ သက်ရောက်မှုနည်းပါးသော်လည်း GSP မှ အကျိုးဖြစ်ထွန်းမှု ၃ ရာခိုင်နှုန်းထက် ပိုမိုရရှိနေသည့် လုပ်ငန်းနယ်ပယ်များအတွက် အခက်အခဲဖြစ်စေကြောင်း၊ အထူးသဖြင့် လက်ဝတ်ရတနာ (ပျမ်းမျှ အကျိုးဖြစ်ထွန်းမှု ၆ ဒသမ ၉ ရာခိုင်နှုန်း၊ သားရေထည် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ဆေးဝါးနှင့်ခွဲစိတ်ကိရိယာ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ပလတ်စတစ်နှင့် ဓာတုပစ္စည်း ၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် အခြေခံနှင့်ပြုပြင်ပြီး လယ်ယာထွက်ကုန်များ ၄ ဒသမ ၈ ရာခိုင်နှုန်းတင်ပို့သည့် လုပ်ငန်းများကို ထိခိုက်မှုရှိကြောင်း ဖော်ပြထားသည်။

**Source:** https://ttinyuri.eu/search/?rls=MamGXijSuNlBXXr6&tm=1&q=

SFJ Strategy First Journal

## အာရှစတော့ဈေးကွက်များ တက်လာ

အမေရိကန်-တရုတ် ကုန်သွယ်ဆွေးနွေးပွဲတွေ ပြန်စမယ့်အရိပ်အယောင်ပြလာချိန်မှာ အာရှစတော့ဈေးကွက်တွေ တက်လာခဲ့ပါတယ်။ ဟောင်ကောင် ဟန်ဆန်းညွှန်းကိန်းဟာ တနင်္လာနေ့ ဈေးကွက်ဖွင့်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ ၁ ဒသမ ၀၁ ရာခိုင်နှုန်း တက်သွားခဲ့ပါတယ်။ တရုတ်ဈေးကွက်တွေမှာလည်း ရှန်ဟိုင်း ကွန်ပိုးဆစ်က သုည ဒသမ ၄၁ ရာခိုင်နှုန်း တက်ခဲ့ပြီး ရှန်ကျန်းကွန်ပိုးဆစ်က တော့ ၁ ဒသမ ၁ ရာခိုင်နှုန်းအထိ တက်ခဲ့ပါတယ်။

အလားတူ ဂျပန်စတော့ဈေးကွက်တွေလည်းတက်ခဲ့ပါတယ်။ နစ်ခေး ၂၂၅ ညွှန်းကိန်းဟာ သုည ဒသမ ၉ ရာခိုင်နှုန်း တက်လာခဲ့ပြီး တိုပစ်ဇ်ညွှန်းကိန်းကတော့ သုည ဒသမ ၆၈ ရာခိုင်နှုန်းတက်လာခဲ့ပါတယ်။ ဂျပန် စတော့ဈေးကွက်တွေ တက်လာတာ အမေရိကန်-တရုတ် ကန်သွယ်ရေးဆွေးနွေးပွဲတွေအပြင် ဝါရှင်တန်မှာကျင်းပနေတဲ့ အမေရိကန်-ဂျပန် ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲတွေရဲ့ အကျိုးသက်ရောက်မှုလည်းပါဝင်မယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။

**Source:** AFP

https://www.facebook.com/onenewsmyan

## မြန်မာ့ကွမ်းသီးကို အင်္ဂလန်နိုင်ငံက အများဆုံးဝယ်ယူလျက်ရှိ

မြန်မာ့ကွမ်းသီးကို အင်္ဂလန်နိုင်ငံက အများဆုံးဝယ်ယူလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။ အရင်ဘဏ္ဍာနှစ်က မြန်မာ့ကွမ်းသီး အများဆုံးတင်ပို့ရောင်းချခဲ့တဲ့နိုင်ငံတွေက အင်္ဂလန်၊ အမေရိကန်၊ စင်္ကာပူနဲ့ ဩစတေးလျနိုင်ငံတို့ပဲဖြစ်တယ်။ အင်္ဂလန်ဆိုရင် ဈေးကွက်ဝေစု ၇၆ ရာခိုင်နှုန်းကျော်လောက်ရရှိထားတယ်ဟု အဆိုပါ ဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လက်ရှိ မြန်မာ့ကွမ်းသီး ပြည်ပဈေးကွက်ဝေစုရရှိမှုတွင် အင်္ဂန်နိုင်ငံသို့ တင်ပို့မှုတွင် ၆၇ ဒသမ ၅ ရာခိုင်နှုန်း အဆင့် ၁၊ ဩစတေးလျနိုင်ငံသို့ တင်ပို့မှုတွင် အဆင့် ၂၊ အမေရိကန်နှင့် စင်္ကာပူ နိုင်ငံတို့က အဆင့် ၃ မှ ၇ အတွင်းရရှိထားသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း ကွမ်းသီးတင်ပို့သော ထိပ်တန်း ၁၀ နိုင်ငံ စာရင်းတွင် အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ စင်္ကာပူ၊ အိန္ဒိယ၊ ယူအေအီး၊ မလေးရှား၊ နယ်သာလန်နှင့် ဗီယက်နမ်



နိုင်ငံများပါဝင်ခဲ့ပြီး မြန်မာနိုင်ငံသည် ပြည်ပကွမ်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၆၇၂ သန်းခန့်ရရှိခဲ့ကာ ဈေးကွက်ဝေစု ပိုမိုရရှိခဲ့ကြောင်းသိရသည်။

ဈေးနှုန်းရရှိမှုအပိုင်းတွင် နယ်သာလန်က အဆင့် ၁၊ အိန္ဒိယက အဆင့် ၂၊ သီရိလင်္ကာ တတိယ၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံကတို့က အဆင့်စတုတ္ထနှင့်ပဥ္စမနေရာရရှိခဲ့သည်။ လက်ရှိကမ္ဘာ့ကွမ်းသီးတင်ပို့နေသော နိုင်ငံ ၃၀ တွင် မြန်မာနိုင်ငံ သည် အဆင့် ၂ နေရာတွင် ရပ်တည်နေသည်။ လက်ရှိ ကွမ်းသီးအများဆုံးတင်သွင်းလျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ယူအေအီး၊ မော်ဒိုက်၊ နီပေါ၊ မလေးရှား ၊ အမေရိကန်၊ စင်္ကာပူနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး မြန်မာကုန်သည်များအနေဖြင့် အာဆီယံဒေသတွင်း ဈေးကွက်ချဲ့ထွင်ရန် လိုအပ်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/posts/2613971691968071?__tn__=K-R

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ကြက်သွန်ဖြူနှင့်ကြက်သွန်နီတင်ပို့မှုမြင့်တက်

တာချီလိတ်၏ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ကြက်သွန်ဖြူနှင့်ကြက်သွန်နီတင်ပို့မှု မြင့်တက်လာကြောင်း ကုန်သည်များထံမှသိရသည်။ ထို့ကြောင့် သီတင်းတစ်ပတ်လျှင် ကြက်သွန်ဖြူ တန်ချိန် ၂၅၀ မှ ၃၅၀ ကြား၊ တန်ဖိုး ကန်ဒေါ်လာ ၂၉၄၀၀၀ ကျော်၊ ကြက်သွန်နီတန်ချိန် ၁၀၀ မှ ၂၂၀ ကြား၊ တန်ဖိုး ကန်ဒေါ်လာ ၅၉၀၀၀ အထိ ရရှိနေခြင်းကြောင့် ပြီးခဲ့သည့်လ သီတင်းပတ်တစ်ခုနှင့်နှိုင်းယှဉ်ပါက ကြက်သွန်ဖြူတန်ချိန် ၁၀၀ ခန့်နှင့် ကြက်သွန်နီတန်ချိန် ၁၁၀ ခန့်အထိ တိုးတက်တင်ပို့လာကြောင်းသိရသည်။ ထိုင်းဘက်ကိုတင်ပို့တဲ့ ကြက်သွန်နီတစ်ပိဿာကို ကျပ် ၇၀၀ နှုန်းနဲ့ ဝယ်ယူပြီးတော့ ကျပ် ၁၃၀၀ ပျမ်းမျှဈေးနဲ့ရောင်းတယ်။ တစ်တန်ဈေးဆိုရင် ဘတ် ၁၀၀၀၊ မြန်မာငွေ ကျပ် ၅၀၀၀ နီးပါး ရရှိတယ်။ ကြက်သွန်ဖြူတစ်တန်ကို ဘတ် ၁၂၀၀၊ မြန်မာငွေကျပ် ၅၈၀၀၀ ကျော်ရရှိတယ်။ အရင်နှစ်လလောက်ကထက် တစ်တန်ကို ၁၂၅ ဘတ်လောက်တော့ ဈေးတက်လာတယ်။ ကြက်သွန်ဖြူကို ထိုင်းဘက်ကို အများဆုံးပို့နေတာဖြစ်တယ်ဟု တာချီလိတ်ရှိ ကုန်သည်ဦးဆိုင်းစိုင်းပန်ကပြောသည်။ မြန်မာ့ပို့ကုန်များဖြစ်သော ကြက်သွန်နီ၊ အာလူး၊ ပြောင်းနှင့် မြေပဲဆန်တို့ကိုလည်း အကောက်ခွန်သက်သာခွင့်များပေးရန် ထိုင်းနိုင်ငံက ကနဦးမူအရ သဘောတူညီထားသည်။ တာချီလတ်ဘက်ကိုတော့ မန္တလေးဘက်ကဝင်လာတဲ့ ကြက်သွန်နီများတယ်။ အခုကုန်သည်ပွဲစားလက်ထဲမှာ လက်ကျန်နည်းလာပြီ။ တစ်ပိဿာကို ကျပ် ၁၀၀ ကနေ ကျပ် ၁၅၀ လောက်ဈေးတက်တယ်။ ထိုင်းဘက်ကို ကြက်သွန်နီတင်ပို့ဖို့ နှစ်ဖက်ကုန်သည်ချင်းချင်း ချိတ်ဆက်ထားကြတာတွေရှိတယ်ဟု တာချီလိတ်ရှိ ကုန်သည်ဦးစိုးဦးမြင့်ကပြောသည်။

ကြက်သွန်နီ၊ ကြက်သွန်ဖြူစိုက်ပျိုးထွက်ရှိမှု နှစ်စဉ်တည်ငြိမ်စေရန်၊ ပြည်ပနိုင်ငံများ၏ စိုက်ပျိုးဈေးကွက်အခြေအနေများ လေ့လာခြင်း၊ ပြည်ပက တရားမဝင် ဝင်ရောက်မှုကို ထိရောက်စွာတားဆီးခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးလိုစိတ်ကို တွန်းအားပေးနိုင်မည်ဖြစ်သည်။ ပြည်ပသို့ ကြက်သွန်ဖြူတင်ပို့မှုစာရင်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃၇၀ ကျော် ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၁၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရှစ်လအတွင်း တန်ချိန် ၃၃၄၀ ကျော် တင်ပို့ထားပြီး ထိုင်းနိုင်ငံသို့ ၉၀ ရာခိုင်နှုန်းကျော် တင်ပို့နေခြင်းဖြစ်သည်။ ထို့ပြင် ပြည်ပသို့ကြက်သွန်နီတင်ပို့မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၀၀၀ ကျော်၊ တန်ဖိုးကန်ဒေါ်လာ ကိုးသန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၀၀၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇၀၀၀ ကျော်၊ ကန်ဒေါ် လာ ၁၄ သန်းကျော်ရရှိခဲ့သည်။ ထိုထဲမှ ထိုင်း၊ အိန္ဒိယနှင့်တရုတ်သို့ ၈၀ ရာခိုင်နှုန်းခန့်တင်ပို့နေခြင်းဖြစ်သည်။

**Source:** https://www.facebook.com/a9biz/posts/2608481902517050

## တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် တစ်သိန်းတင်ပို့ရန်အတွက် ရန်ကုန်ဈေးကွက်အတွင်း ဆန်ကွဲဝယ်ယူစုဆောင်းမှုများရှိလာ

တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန်တစ်သိန်းတင်ပို့ရန် MoU လက်မှတ်ရေးထိုးထားသဖြင့် ဆန်ကွဲဝယ်ယူ စုဆောင်းမှုများ ရှိလာပြီး ရန်ကုန်ဈေးကွက်သို့ ဆန်ကွဲအဝင်ရှိသလောက်ကုန်နေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်) အတွင်းရေးမှူး ဦးသန်းဦး၏ပြောပြချက်အရသိရသည်။ ဆန်ကွဲအကြီးကို ဝယ်ယူစုဆောင်းမှုတွေ

ရှိနေတယ်။ တရုတ်နိုင်ငံကို ပင်လယ်ရေကြောင်းကနေတစ်ဆင့် ဆန်ကွဲအကြီးတင်ပို့တယ်။ လောလောဆယ် တော့ ပြင်ဆင်ထားတဲ့ အနေအထားပဲရှိပါသေးတယ်။ ဝယ်တဲ့သူတွေက ဆန်ကွဲကိုဈေးပေးပြီး ဆန်ကိုတော့ဈေးမပေးဘူးဟု ဦးသန်းဦးကပြောသည်။

တစ်နိုင်ငံလုံး၌ တစ်နှစ်လျှင် ဆန်ကွဲထွက်ရှိမှုတန်ချိန် ခုနစ်သိန်းခန့်သာရှိပြီး တန်ချိန်တစ်သိန်းတင်ပို့ရမည်ဖြစ်၍ ယခုကဲ့သို့ ဝယ်ယူစုဆောင်းခြင်းဖြစ်သည်။ ဆန်ကွဲအသေးကို အရက်ချက်စက်ရုံတွေနဲ့ မွေးမြူရေးအစာအဖြစ်သုံးတယ်။ အဝယ်အေးတော့ ဈေးကွက်နည်းနည်းအေးတယ်ဟု ဦးသန်းဦးကပြောသည်။ ဩဂုတ် ၁၅ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်ကွဲအိတ်ရေ တစ်သောင်းဝန်းကျင် ဝင်ရောက်လျက်ရှိပြီး ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀ မှ ၁၅၈၀၀ အထိ ဈေးနှုန်းရှိကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2259-for-export-rice-china.html

## လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်တွင် ပြည်ပသို့အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာတစ်ဘီလျံကျော် ပိုမိုရရှိထားကာ အများဆုံးတင်ပို့ထားသည့် ပို့ကုန်အဖြစ်ရပ်တည်

လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော် ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာတစ်ဘီလျံကျော်ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်ကနေ ဩဂုတ် ၂ ရက်အထိကို အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကနေ ဒေါ်လာ ၃၈၇၄ ဒသမ ၇၀၃ သန်း (၃ ဒသမ ၈၇၄ ဘီလျံကျော်) ရရှိထားတယ်။ ယခင်နှစ်ကာလတူမှာတော့ ဒေါ် လာ ၂၇၇၅ ဒသမ ၇၈၂ သန်း (၂ ဒသမ ၇၇၅ ဘီလျံကျော်) သာရရှိထားတယ်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်တွင် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ် ကာလတူထက် ဒေါ်လာ ၁၀၉၈ ဒသမ ၉၂၁ သန်း (၁ ဒသမ ၀၃၇ ဘီလျံကျော်) ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါ ကိုးလကျော်ကာလတွင် မြန်မာနိုင်ငံမှတင်ပို့ထားသည့် စုစုပေါင်းပို့ကုန်ကဏ္ဍတွင်လည်း အများဆုံးတင်ပို့ထားသည့် ပမာဏဖြစ်ကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှု အသင်းချုပ်၌ကျင်းပသည့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဥ္စမအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ ကျွန်မတို့ကဏ္ဍမှာ အလုပ်သမားတိုးတာက ငါးဆ၊ ဝင်ငွေတိုးတာက ၁၀ ဆပေ့ါနော်။ ဒါဆိုရင် ကျွန်မတို့ အလုပ်သမားတွေရဲ့ ထုတ်လုပ်မှုကို နှစ်ဆတိုးအောင်လုပ်ရမယ်။ အဲဒီအတွက် တောက်လျှောက်ဆောင်ရွက်နေပါတယ်ဟု မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောကြားသည်။

မြန်မာနိုင်ငံတွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း ထုတ်လုပ်မှုကဏ္ဍတွင် အထည်ချုပ်ကဏ္ဍ၌ အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမားခန့်ထားမှုမှာလည်း ငါးသိန်းကျော်ရှိကြောင်းသိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ ရာခိုင်နှုန်းခန့်သာရရှိကြောင်းသိရသည်။ မြန်မာနိုင်ငံက ချုပ်ခကိုဝင်ငွေအနေနဲ့ရတာ။ ဒါကပျှမ်းမျှအနေနဲ့ပြောတာပါ။ တချို့ဆို ရှစ်ရာခိုင်နှုန်းလောက်ပဲ ရတဲ့သူတွေရှိတယ်။ တချို့ဆို ၁၂ အထိရတဲ့သူတွေရှိတယ်။ High Value Price ဆို နည်းနည်းပိုရတာပေ့ါ။ အရည်အသွေးကောင်းပြီး သေချာချုပ်ထားတာကတော့ ၁၂ ရာခိုင်နှုန်းလောက်ရတယ်။ အရမ်းပေါပေါလောလောကြီးနဲ့ သိန်းနဲ့ချီပြီးအပ်ပြီး ချုပ်ခအရမ်းနည်းတဲ့ဟာတွေက ရှစ်ရာခိုင်နှုန်းလောက်ပဲရတယ်။ ဒါကြောင့်မို့ ပျမ်းမျှကို ၁၀ ရာခိုင်နှုန်းလို့ပြောတာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ လက်ရှိတွင် CMP လက်ခစားလုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်း ၃၀၀ ခန့်သာ ဝင်ငွေရှိသော်လည်း အဆိုပါလုပ်ငန်းများကို FOB စနစ်ကို ဆောင်ရွက်နိုင်မည် ဆိုပါက ဒေါ်လာသန်း ၃၀၀၀ (သုံးဘီလျံ) အထိ နိုင်ငံ့ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှသိရသည်။

ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့သည့် CMP လက်ခစားစနစ်ကို

မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်က အထည်ချုပ်လုပ်ငန်းနှင့်စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ဖိနပ်၊ အိတ်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဆံပင်အတုလုပ်ငန်းများအပြင် အခြားသောလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလုပ်ငန်းပေါင်း ၇၀ ကျော်အထိရှိကြောင်းသိရသည်။

**Source:**https://news-eleven.com/article/129092?fbclid=IwAR00GoDotxntpFGIl2l2vcQp jA6gChFvNWpH5ovdeWJUgcUTTX9eaeEFIKM

## STOCK EXCHANGE (19.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 3,509 | 42,056,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +150 | +3.80% | 4,000 | 4,200 | 4,000 | 2,606 | 10,791,200 | 38,929,150 | 159,610 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,300 | 609 | 5,054,800 | 10,400,986 | 86,328 |
| FPB | 00004 | 26,500 | +500 | +1.92% | 26,000 | 26,500 | 26,000 | 152 | 3,972,500 | 2,472,053 | 65,509 |
| TMH | 00005 | 3,150 | +50 | +1.61% | 2,950 | 3,200 | 2,950 | 2,720 | 8,575,600 | 12,823,224 | 40,393 |

As of 19th Aug. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 494.55 | +4.88 | +1.00% | 489.69 | 497.72 | 485.94 | 9,596 | 70,450,600 | 5 | 677,193 |

**Index chart**




## Market Overview

As of 12:00 pm, 19th Aug. 2019

| MYANPIX | 497.72 ▲ 8.05 |
|---|---|
| Total Volume (shares) | 3,805 |
| Total Value (MMK) | 17 mil |
| Listed Company | 5 |
| Market Cap. (MMK) | 681,530 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,200 | ▲ 250 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 26,000 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 100 |